

# အင်္ဂလန်ခရီး မပြီးသေးပါ
## (၁၉)

အရှင်ဉာဏိက

လန်ဒန်မြို့တွင်း ရောက်ခဲ့တဲ့နေရာတွေက အများကြီး။ လန်ဒန်မြို့လယ်မှာရှိတဲ့ စိန့်ပေါလ် ဘုရားရှိခိုးကျောင်းကြီးလည်း အပါအဝင်ပေါ့။ လန်ဒန်ကို ရောက်သူတွေ မှတ်မှတ်ရရ အများဆုံး သွားတတ်ကြတဲ့နေရာတွေထဲမှာ စိန့်ပေါလ်က တစ်ခုအပါအဝင်လေ။ စိန့်ပေါလ် ကသီဒရယ်က သိမ်းမြစ်ကို ၂ မိနစ်ခန့် လမ်းလျှောက်ရတဲ့ အဝေးမှာ။ သိမ်းမြစ်ပေါ်ရှိ မီလီနီယမ်တံတားပေါ်ကနေ လှမ်းမျှော်ကြည့်လိုက်ရင် ဘုရားကျောင်းကြီးရဲ့ ဆင်ဝင်ရှိ တိုင်လုံးကြီးတွေကိုပင် လှမ်းမြင်နိုင်တဲ့ အကွာအဝေးမှာ။ စိန့်ပေါလ်နဲ့ မီလီနီယမ်တံတားကြား ဆက်သွယ်ထားတဲ့ လမ်းကလည်း သာသာယာယာမို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်နေသူအပြည့်။ ကိုယ်လည်း ဘာရယ်ညာရယ် မသိ။ သူတို့ကြားဝင်ပြီး အမှတ်တရ ဓာတ်ပုံရိုက်လိုက်တယ်။ ကိုယ်ဓာတ်ပုံရိုက်နေတုံးက မိုးအုံ့နေချိန်။ ကောင်းကင်မှာက တိမ်ညိုမှိုင်းတို့ ဆိုင်းနေချိန်။ လွမ်းဖွယ့်သာယာ ရှိချိန်ပေါ့။ ရိုက်စဉ်ကထက် ခုဓာတ်ပုံတွေ ပြန်ကြည့်တော့ မြင်ရတဲ့ ရာသီက ပိုလို့ လွမ်းချင့်စဖွယ်ဖြစ်နေတယ်။ စိန့်ပေါလ်ဘုရားကျောင်းကြီးအတွင်းမှာ ကြားခဲ့ရတဲ့ ဓမ္မတေး ချိုချိုက ခုတိုင် နားထဲ လွင့်ပျံနေဆဲလိုလို။



လက်ရှိ စိန့်ပေါလါဘုရားရှိခိုးကျောင်းကြီးက ၁၇ ရာစုလက်ရာ။ ၁၆၇၅ နဲ့ ၁၇၁၀ ခု နှစ်အတွင်း တည်ဆောက်ထားတာ။ ဒါက စတုတ္ထမြောက်။ စိန့်ပေါလ်က မြင့်မားမှု အတွက်သာထင်ရှားတဲ့ လန်ဒန်ရဲ့ အထိမ်းအမှတ် နေရာမဟုတ်ပါဘူး။ မျှော်လင့်ချက်တွေ၊ ခံနိုင်ရည်စွမ်းရည်ရှိမှုစတာတွေကို ထုတ်ဖော်ပြသရာနေရာ တစ်ခုလည်း ဖြစ်တယ်လို့ ဆိုထားပါတယ်။



ကိုယ့်ရဲ့ အင်္ဂလန်ခရီးစဉ်အတွင်း ထင်ရှားတဲ့နေရာတော်တော်များကို သွားခဲ့ရာမှာ ရှေးလက်ရာ ခရစ်စယာန် ဘုရားကျောင်းကြီးတွေ တော်တော်များများ ပါဝင်နေတာကို သတိထားမိတယ်။ လန်ဒန်ကို ရောက်တဲ့နေ့မှာပဲ **Palace of Westminster** လို့ အချို့သိထားကြတဲ့ လန်ဒန်ပါလီမန်အဆောက်အဦနဲ့ လမ်းသာခြားပြီး မျက်နှာချင်းဆိုင်မှာရှိတဲ့ အဆောက်အဦကို နောက်ခံထားကာ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့တယ်။ နောက်မှပြန်သိတာက အဲဒီအဆောက်အဦက **Church of England** ရဲ့ အထင်ကရ တစ်နေရာဖြစ်တဲ့ ဝက်မင်စတာ အက်ဘေး ဘုရားကျောင်းဖြစ်မှန်း သိရတယ်။ ဝက်မင်စတာ အက်ဘေးနဲ့ ဝက်မီနီစတာ ကက်သီဒရယ်က တခြားစီ။ ကိုယ်က အနည်းအကျဉ်း အလေ့အလာရှိလို့ အခြားဘာသာရေးအကြောင်း အတန်အသင့် တီးမိခေါက်မိ ရှိပေမယ့် သူတို့တွေရဲ့ အသုံးအနှုန်း ဝေါဟာရ အားလုံးကိုတော့ သိပ်ပြီး တိတိကျကျကြီး မသိလှပါဘူး။ ဥပမာ ပြောရလျှင် **Westminster Abbey** နဲ့ **Westminster Cathedral** မှာပါတဲ့ **Abbey** နဲ့ **Cathedral** ဆိုတဲ့ စကားနှစ်ခွန်း ဘယ်လိုကွာတယ်ဆိုတာမျိုးပေါ့။ ကိုယ်သိထားတာကတော့ ကသီဒရယ်ဆိုတာက ဘစ်ရှော့ခေါ်တဲ့ ခရစ်ယာန်ဂိုဏ်း

ချုပ် ဘုန်းတော်ကြီးများ သီတင်းသုံးနေထိုင်ရာ။ နောက်ပြီး ဂိုဏ်းဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကိုလည်း စီမံခန့်ခွဲရာ။ သက်ဆိုင်ရာနယ်ပယ်ရဲ့ ဗဟိုဌာနမျိုးကို ခေါ်တယ်။ Abbey ဆိုတာကတော့ လက်တင်ဘာသာ Abbatia(father) ဆိုတဲ့စကားက ဆင်းသက်လာတာ။ Abbot ဆိုတဲ့ ကျောင်း (Monastery) ရဲ့ကြီးအကဲက တာဝန်ယူအုပ်ချုပ်တဲ့ နေရာတစ်ခုကိုခေါ်တာ။ ဒီလိုပဲ အကြမ်းဖျင်း နားလည်ထားတယ်။ ကိုယ့်ခရီးစဉ်ကို ဖတ်ကြတဲ့သူတွေထဲမှာ ရင်းနှီးတဲ့ ခရစ်စယာန်မိတ်ဆွေတွေလည်း ပါဝင်နိုင်တာမို့ ကိုယ်သိထားတာများ မှားနေလျှင် ပြောပြပါဦး။ ပြောခဲ့သလို ကိုယ့်ခရီးစဉ်တလျှောက် သွားခဲ့တဲ့နေရာတွေမှာ ဘုရားကျောင်းတွေ တော်တော်များများပါဝင်နေတာမို့ အမှတ်ရလို့ ပြောလိုက်တာပါ။ ကိုယ့်မိတ်ဆွေတွေမှာ အချိန်မရလျှင်လည်း ရှိပါစေတော့ပေါ့နော။ နာမည်တွေဆိုတာက သိပ်ပြီး အရေးကြီးလှတာမျိုးတော့လည်း မဟုတ်ပါဘူး။

ကိုယ့်အမိနိုင်ငံမှာလည်း ထင်ရှားတဲ့နေရာများကို သွားလျှင်ဖြင့် ဘုရားများတော်တော်များပါဝင်နေတာကို နှိုင်းယှဉ် သတိရမိတယ်။ ဒါဟာလူသားတွေကြားမှာ ဘာသာတရားတွေဟာ ဘယ်လောက်တောင် အလေးထားတဲ့နေရာမှာ ရှိနေတယ်ဆိုတာ ပြသတာဖြစ်တယ်လို့လည်း မှတ်ယူမိပါတယ်။ ဘာသာတရားတွေရဲ့ အဓိကပေးချင်တဲ့ သဝ်န်းစာက လူအချင်းချင်း ရိုင်းပင်းကူညီဖို့၊ အပြန်ပြန်အလှန်လှန် မေတ္တာထားဖို့၊ သာတူညီမျှရှိဖို့ စတဲ့ ကောင်းမြတ်တဲ့ လက္ခဏာတွေပါ။ ဒီထက်ပိုပြီးလည်း ဆင်းရဲအားလုံး၊ အဆင်မပြေမှုတွေအားလုံး ကုန်ဆုံးပြီး ထာဝရငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်တဲ့ နည်းလမ်းတွေကို ညွှန်ပြတဲ့ ဘာသာတရားတွေလည်း ရှိရဲ့ပေါ့။ သို့ပေမယ့် တခါခါမှာ ဘာသာရေးကို ဗန်းပြပြီး ကိုယ်ထင်ရာ ကိုယ်လုပ်ကြတဲ့သူတွေက နယ်ပယ်အသီးသီးမှာ ရှိတတ်ကြတော့ ပင်ကိုယ်မူလ အလှတရားတွေနဲ့ ပြည့်စုံလှတဲ့ ဘာသာတရားတွေတောင်မှပဲ ဂုဏ်အသရေညှိုးနွမ်းတတ်တာတွေလည်း ရှိတတ်ပြန်တာပါပဲ။

စိန့်ပေါလ်ကို ကိုယ်ရောက်သွားတော့ ညနေခင်းဝတ်ပြုဆုတောင်းဓမ္မတေး သီဆိုတီးမှုတ်နေတယ်။ ကြီးမားခန့်ကျယ်တဲ့ ခမ်းမကြီးထဲမှာ အဖွဲ့ဝင်ပေါင်းများစွာပါဝင်တဲ့ သံစုံတီးဝိုင်းက ငြိမ့်ညောင်းတဲ့ဓမ္မတေးသွားကို သီဆိုတီးမှုတ်နေမှုက ကြည်နူးစရာ။ ဒီတေးသံက ဘာကိုညွှန်းဆိုတယ် မသိပေမယ့် ငြိမ်းချမ်းမှုကို ဖြစ်စေတာတော့ အမှန်ပါပဲ။ အမိုးမြင့်မြင့်ကြီးတွေ၊ Dome လို့ခေါ်တဲ့ အမိုးဝိုင်းဝိုင်းခုံးခုံး ပုံကြီးတွေကိုလည်း ခန့်ငြားကြီးကျယ်တဲ့ ဘုရားကျောင်းကြီးများမှာ တွေ့ရလေ့ရှိတယ်။ အခြားအရပ်ဖက်က ထင်ရှားတဲ့အဆောက်အဦကြီးများမှာလည်း ဒီအမိုးဝိုင်းဝိုင်းခုံးခုံးပုံစံတွေ တွေ့ရတာများတာကြောင့် ဒီအမိုးခုံးကြီးတွေက ဘာသာရေးနွယ်တာကို ညွှန်းဆိုတာလား။ ဒါမှမဟုတ် ရှေးဗိသုကာ လက်ရာများမှာ ဒီအမိုးခုံးကြီးတွေက အလွန်ပဲ လူကြိုက်များခဲ့တာလားဆိုတာကတော့ လေ့လာသူတွေသာ သိနိုင်မယ်ထင်ပါတယ်။ ကိုယ်ကတော့ ဒီအမိုးခုံးကြီးတွေရှိတဲ့ အဆောက်အဦတွေ ကြီးကြီးကျယ်ကျယ်ကြီးတွေဖြစ်နေတတ်တာ၊ နောက်ပြီးလည်း ဒီအဆောက်အဦကြီးတွေရှိတဲ့နေရာတွေဟာ သမိုင်းနဲ့စပ်ပြီး အရေးပါတဲ့နေရာတွေ ဖြစ်နေတတ်တာကြောင့် ဒီနှစ်ခုပေါင်းစပ်ပြီး အမိုးခုံးအဆောက်အဦကြီးတွေဟာ ကြီးကျယ်ခမ်းနားမှုကို ကိုယ်စားပြုမှု တစ်ခုရယ်လို့ ထင်မိတယ်။ အမိုးခုံးကြီးအောက်မှာ ငြိမ့်ညောင်းစွာ တီးခတ်နေတဲ့ သံစုံတီးဝိုင်းဆီက ထွက်လာတဲ့ တေးသံသာကို လျစ်လျူရှုပြီး ထွက်ခွါသွားဖို့ ကိုယ့်မှာ အင်အားမရှိတာ အမှန်ပါ။

ပါလာတဲ့မိတ်ဆွေကို ခဏစောင့်နေဖို့ပြောပြီး ဆုတောင်းဝတ်ပြုတေးသံကို ငြိမ်သက်စွာနားထောင်နေတဲ့ ပရိတ်သတ်ကြားမှာ ခဏဝင်ရောက်နားထောင်လိုက်တယ်။ နားထောင်ရင်း ဘာသာအားလုံး၊ လူမျိုးအားလုံး၊ မိန်းမ၊ယောက်ျား၊ ကြီးငယ်မဟူ၊ အဖြူအမဲ၊ မကွားပြားပဲ အားလုံးအတူ ကျင့်သုံးလို့ရနိုင်တဲ့ ပစ္စုပ္ပန်ဖြစ်ခိုက်ကို ဖြစ်နေတဲ့အတိုင်း အမှတ်ပြုကာသိနေတဲ့ မက်ဒီတေးရှင်းအလုပ်ကို ခဏလုပ်ဖြစ်လိုက်တယ်။ ကိုယ်လုပ်ခဲ့တာ နေရမှားနေတယ်လို့ အချို့ကတော့ ဆိုကောင်းဆိုမလားပါ။ ဒါပေမယ့် မက်ဒီတေးရှင်းလုပ်ဖို့ ကိုယ့်အတွက် ဘယ်နေရာ ဘယ်အချိန်ခါဆိုတာ မရှိခဲ့တာ ကြာပါပြီ။ ငြိမ်းအေးမှုကို အားကူပေးတဲ့အလုပ်မျိုးဆိုတာ အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အလေးပေးကာ လုပ်သင့်တဲ့ အလုပ်ဖြစ်တယ်ရယ်လို့လည်း ကိုယ်ကတော့ လေးလေးနက်နက် ယုံကြည်မိတယ်။



စိန့်ပေါလ်က ပြန်အထွက်မှာတော့ ကိုယ် အလျင်က ဖတ်ဖူးထားတဲ့ မဟာယာန ဆရာတော်ကြီးတစ်ပါး ရေးထားတဲ့ စာလေးက ကိုယ့်ဦးနှောက်ထဲ အလိုလို ဝင်လာတယ်။ သူ့အယူအဆက ကိုယ်နဲ့လည်း အတိုင်းအတာ တစ်ခုအထိ တူညီနေတာမို့ ခုလိုတိုက်ဆိုင်လာတဲ့အခါမှာ သတိတရ ဖြစ်လာတာလည်း ဖြစ်နိုင်ပါတယ်။ မဟာယာန ဆရာတော်ကြီးက ပြောတယ်။ ‘ဗုဒ္ဓက တပည့်ရဟန်းတွေကို တောတောင်ထဲ တစ်ပါးတည်းနေပြီး တရားကျင့်ကြံတာကို အားပေးတော်မူတယ်။ တောထဲတောင်ထဲမှာက ငှက်ကလေးတွေ တွန်ကျူးသံ ၊ စမ်းရေလေးတွေ စီးမျောသံ၊ သစ်ရွက်လေးတွေကြွေသံ စသဖြင့် တောသဘာဝ အသံလေးတွေကို ကြားရနိုင်တယ်။ ဒီလိုသဘာဝ အသံလေးတွေက ကမ္မဋ္ဌာန်းစီးဖျန်းတဲ့ ယောဂီသူတော်စဉ်တွေအတွက် စိတ်ငြိမ်းချမ်းမှု သမာဓိလုပ်ငန်းစဉ်အတွက် အထောက်အပံ့ကောင်း ဖြစ်စေနိုင်တယ်။ ဒါကြောင့် ဒီလိုသဘာဝ တောသံတောင်သံလေးတွေကို နားမထောင်ရလို့ ဗုဒ္ဓက အထူးတလည် ပညတ်ထားတာမျိုး မရှိခဲ့ဘူး။ ဒါကြောင့် အစစ်ဖြစ်တဲ့ သဘာဝ အသံလေးတွေကိုတောင်မှ နားထောင်ဖို့ သင့်လျော်ရင် ဘာဖြစ်လို့ သဘာဝအစစ်အသံကို အတုပြုလုပ်ထားတဲ့ ဗုံသံစတာတွေကို နားမထောင်ကောင်းပဲ ရှိမှာတုံး’တဲ့။ ဒါက သူ့အယူအဆပေါ့လေ။

ကိုယ်ကတော့ တရားဘာဝနာ ရှုမှတ်ပွားများနေသူတွေအတွက် စွဲလမ်းမှုတွေ တိုးစေနိုင်တဲ့ ဂီတသံစဉ်တွေ နားထောင်တာမျိုးကို အားမပေးလိုပါဘူး။သို့ပေမယ့် ဘာသာရေးနဲ့ တေးဂီတဟာ လုံးဝဖီလာဖြစ်တယ်။ တေးသီချင်းသံဆိုတာ နစ္စ, ဂီတ, ဝါဒိတ ဆိုတဲ့ သိက္ခာပုဒ်နဲ့ တားမြစ်ထားလို့ မအပ်စပ်တဲ့အရာများသာ ဖြစ်တယ်။ ကိလေသာတိုးစေတဲ့ အရာများသာဖြစ်တယ်လို့ တရားလွန် အစွန်းရောက်စွာ ပြောတတ်ကြတာမျိုးကိုလည်း သဘောမတူနိုင်ပါဘူး။ လူသားတိုင်းမှာ အသိဉာဏ်အဆင့်အတန်းနဲ့ ရင့်ကျက်တဲ့ စောင့်စည်းထိမ်းသိန်းနိုင်စွမ်း၊ တစ်ဦးနဲ့တစ်ဦး မတူနိုင်ကြဘူးလေ။ လောကီအပျော်ကင်းမဲ့တဲ့ ရပ်ဝန်းမျိုးကို လောကအလယ်မှာ ပျော်ရွှင်စွာ ကျင်လည်နေဆဲ အဆင့်



သာ ရှိသေးတဲ့လူသားတွေ ရောက်လာဖို့ ခဲယဉ်းပေလိမ့်မယ်လို့ ကိုယ်ကတော့ ယူဆမိတယ်။ ရောက်မလာတဲ့သူတွေကိုရောဘယ်လိုစကား ပါးနိုင်မလဲ။ ပျော်ရွှင်မှုကနေ တဆင့်ကူးလို့ သယ်ဆောင်ယူလာတဲ့ ငြိမ်းချမ်းမှုကို လူသားအားလုံး ရစေချင်ပါတယ်။ ပျော်ရွှင်မှုဆိုတာ ငြိမ်းချမ်းမှုရဲ့ နိဒါန်းအစ ဖြစ်တတ်တာကိုလည်း မေ့ထားလို့ သင့်တာမျိုးမှ မဟုတ်တာ။ ပါမောဇ္ဇ (ကျေနပ်ပျော်ရွှင်မှု)၊ ပီတိ(နှစ်သက်ဝမ်းမြောက်မှု) ပဿဒ္ဓိ (ငြိမ်းအေးမှု) ဆိုတာ အစဉ်အတိုင်း လာတတ်တဲ့ သဘာဝတရားတွေပဲလေ။ အားလုံးပျော်ရွှင်ဝမ်းသာလို့ ငြိမ်းချမ်းနိုင်ကြပါစေသား။

ကိုယ် မီလီနီယမ်တံတားပေါ်ရောက်တော့ သိမ်းမြစ်ပြင်တလျောက် လေအေးလေးနဲ့အတူ ပြေးလာတဲ့ မိုးစက်လေးတွေက သူတို့နဲ့အတူ အေးချမ်းမှုကိုပါ သယ်ဆောင်လာတယ်။ ဒါသည်ပင် သဘာဝတရားက သူ့ရဲ့ပေါ်ကြွယ်တဲ့ ရတနာထဲက တစ်ခုသော လက်ဆောင်အလှကို ဝေငှခြင်းပဲ ဖြစ်လေမှာပဲ့။ လှိုင်းကြက်ခွပ်လေးများ ပြေးလွှားကစား

သံက ထံတျာပေလား၊ ယမုံလေလား၊ သီတာလား၊ မခွဲခြားတတ်ပေမယ့် သိမ်းမြစ် ရေအလျင်တွင်းဆီက လှပတဲ့ သဘာဝ သံစဉ်တေးသွားကိုတော့ ကြားနေရတယ်။ လှိုင်းပြေးလေးတွေရဲ့ သဘာဝတေးသွားက ငြိမ့်ညောင်းသာယာ ရှိလေတာကြောင့် ရင်ကို အေးမြစေခဲ့တာတော့ အမှန်ပါပဲ။ အော် . . မီလီနီယမ်တံတားပေါ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကို ပွေ့ပိုက်နိုင်ခဲ့တာ။ ဘယ်မှာ မေ့နိုင်ကောင်းပါလိမ့်တော့။ ။

